# (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှော ဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲတွင် သဘာပတိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပြောကြားခဲ့သည့် အဖွင့်အမှာစကား

ရက်စွဲ။ ၂၇-၁၂-၂၀၁၈

(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နီးနှောဖလှယ်ပွဲ အကြိုညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းဆေးပညာရှင် သမားတော်များ၊ ညီလာခံလာကိုယ်စားလှယ်တော်ကြီးများနဲ့ နီးနွယ်ပညာရှင်များအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်း ဆက်သပါတယ် ခင်ဗျာ။

မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှောဖလှယ်ပွဲကြီးကို နိုင်ငံတော် အစိုးရရဲ့ ကူညီပံ့ပိုးမှုနဲ့အတူ ၂၀၀၀ပြည့်နှစ်ကစပြီး ကျင်းပခဲ့တာဟာ အခုဆိုရင် (၁၉) ကြိမ်မြောက် ညီလာခံကြီး ကိုတောင် ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော့အနေနဲ့ ပထမဆုံးအကြိမ် အဖြစ် ဒီနေ့လို အခမ်းအနားမျိုးမှာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းဆေးသမားတော်များကို အခုလို တစုတစည်းတည်း ဆုံတွေ့ခွင့်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီကနေ့အခမ်းအနားဟာဆိုရင် မနက်ဖြန်မှာကျင်းပမယ့် ညီလာခံကြီးမှာ တိုင်းရင်းဆေးလောကအတွက်သာမက ပြည်သူ တစ်ရပ်လုံးအတွက်ပါ အကျိုးရှိစေမယ့် အဆိုတွေ၊ ထောက်ခံချက်တွေကို တင်သွင်းနိုင်ဖို့ အတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးရန်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျင်းပရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် ယခုနှစ်ညီလာခံကြီးမှာ အဆိုတင်သွင်း/ ထောက်ခံကြဖို့အတွက် စီစဉ်ထားတဲ့ ခေါင်းစဉ်(၄)ခုကို တင်ပြချင်ပါတယ်။

- ပထမအဆိုအနေနဲ့ ကျွန်တော်တို့ တိုင်းရင်းဆေးဝါးတွေဆိုတာ အာနိသင် ထက်မြက်တဲ့ အတွက် ပြည်သူတွေရဲ့အားကိုးယုံကြည်မှုကို ရရှိပြီးသားဆိုတာ သိသာထင်ရှားပါတယ်။ ဒီလို အာနိသင်ထက်မြက်တဲ့ တိုင်းရင်းဆေးဝါးတွေကို ပြည်သူတွေ ဘေးကင်းလုံခြုံမှုရှိစွာ သုံးစွဲနိုင်စေဖို့နဲ့ ပြည်ပကိုပါ တင်ပို့နိုင်တဲ့အထိ ကြိုးစားသွားမယ်ဆိုရင် နိုင်ငံတော်အတွက်ပါ အကျိုးရှိစေမှာဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာတိုင်းရင်းဆေးဈေးကွက်ကို ချဲ့ထွင်နိုင်ဖို့ဆိုရင် ကျွန်တော်တို့ မြန်မာ့ တိုင်းရင်းဆေးဝါးထုတ်လုပ်မှုလုပ်ငန်းစဉ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့လိုသလို ပြည်တွင်း ကထုတ်လုပ်တဲ့ တိုင်းရင်းဆေးဝါးတွေရဲ့ အရည်အသွေးတွေ ပိုမိုတိုးတက်

ကောင်းမွန်လာစေရေးအတွက်လည်း ဆောင်ရွက်ရန်လိုပါတယ်။ အဲဒီအတွက် ကြောင့် "မြန်မာ့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကဏ္ဍနှင့် တိုင်းရင်းဆေးဝါးများ ၏အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ရန်" ဆိုတဲ့ အဆို(၁)ကို စီစဉ်ခဲ့ရခြင်း ဖြစ်ပါတယ်။

- ဒုတိယအဆိုအနေနဲ့က လူ့စွမ်းအားအရင်းအမြစ်တွေ ကောင်းမွန်တိုးတက်မှုဟာ ဆိုရင် နိုင်ငံတစ်နိုင်ငံ၊ ဌာနတစ်ခုဖွံ့ဖြိုးတိုးတက်ဖို့ရန်အတွက် အလွန်အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်ပါတယ်။ အရည်အသွေးပြည့်ဝကောင်းမွန်တဲ့ လူ့စွမ်းအား အရင်းအမြစ်တွေရှိမှသာ ကျွန်တော်တို့မျှော်လင့်တဲ့ တိုးတက်ဖွံ့ဖြိုးတဲ့အနာဂါတ်ကို ပိုင်ဆိုင်နိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တိုင်းရင်းဆေးပညာဦးစီးဌာနနဲ့ တိုင်းရင်းဆေးလောကကြီး ဖွံ့ဖြိုး တိုးတက်စေဖို့အတွက် လူ့စွမ်းအားအရင်း အမြစ်တွေဖြစ်တဲ့ တိုင်းရင်းဆေးပညာရှင်တွေရဲ့ အရည်အသွေးတွေ ယခုထက်ပိုမို တိုးတက်မြင့်မားစေရန် စဉ်ဆက်မပြတ် လေ့ကျင့် သင်ကြားပေးဖို့လိုသလို ဒီလို အရည်အသွေးထက်မြက်ပြည့်ဝတဲ့ တိုင်းရင်းဆေးပညာရှင်တွေ ယခုထက်ပိုပြီး မွေးထုတ်ပေးနိုင်ဖို့လည်း လိုအပ်ပါတယ်။ ဒီရည်ရွယ်ချက်နဲ့ "လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အရည်အသွေး ပြည့်ဝသည့် တိုင်းရင်း ဆေးပညာရှင်များ ပိုမိုလေ့ကျင့်သင်ကြားမွေးထုတ်ပေးရန်" ဆိုတဲ့ အဆို(၂)ကို တင်သွင်းဖို့ စီစဉ်ခဲ့တာ ဖြစ်ပါ တယ်။

- တတိယအဆိုအနေနဲ့ ကျွန်တော်တို့ မြန်မာနိုင်ငံဟာဆိုရင် အာနိသင်ထက်မြက်တဲ့ ကုထုံးနည်းစနစ်တွေ၊ ဆေးနည်းတွေကို ပိုင်ဆိုင်ထားပြီး ရှေးနှစ်ပေါင်းများစွာ ကပင် ပြည်သူလူထုရဲ့ ကျန်းမာရေးကို မိမိတို့ကိုယ်ပိုင်တိုင်းရင်းဆေးပညာနဲ့ စောင့်ရှောက်ခဲ့ ကြပါတယ်။ ပြည်သူလူထုကို တိုင်းရင်းဆေးပညာနဲ့ ယခုထက်ပိုပြီး စောင့်ရှောက် နိုင်ရန်အတွက် ဒီလိုတိုင်းရင်းဆေးဖုံတွေ၊ ဆေးနည်းအသစ်တွေ၊ ကုထုံးအသစ်တွေကို ရှာဖွေဖော်ထုတ်ဖို့လိုပါတယ်။ ဒီလိုပေါ်ပေါက်လာအောင် ဆောင်ရွက်တဲ့နေရာမှာ တစ်ဖက်က ကုထုံးတွေ၊ ဆေးနည်းအသစ်တွေကို ဖော်ထုတ် ဖို့လိုသလို အရေးကြီးတာက ဒီဆေးဖုံ/ ဆေးနည်း/ ကုထုံးတွေပေါ်မှာ သုတေသန လုပ်ငန်းတွေ ဆောင်ရွက်ဖို့ဘဲ ဖြစ်ပါတယ်။ ဒီလို စနစ်တကျသုတေသနပြုလုပ်ပြီး အချက်အလက်အခိုင်အမာနဲ့ တင်ပြနိုင်မှသာ ကျွန်တော်တို့ တိုင်းရင်းဆေးပညာ ဦးစီးဌာနရဲ့ ရည်မှန်းချက်တစ်ခုဖြစ်တဲ့ မြန်မာ့တိုင်းရင်းဆေး

ပညာသည် experience-based medicine ကနေ evidence- based medicine ဖြစ်စေရန် ဆိုတာကို အကောင်အထည်ဖော်နိုင်မှာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် "တိုင်းရင်းဆေးဖုံများနှင့် ကုထုံးနည်းအသစ်များ ပေါ်ပေါက်လာစေရေးအတွက် တိုင်းရင်းဆေး သုတေသနလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန်" ဆိုတဲ့ ဒီအဆို(၃)ကို တင်သွင်းရန် စီစဉ်ထားခြင်းဖြစ်ပါတယ်။

- စတုတ္ထမြောက်အဆိုအနေနဲ့ ကျွန်တော်တို့ တိုင်းရင်းဆေးသမားတော်တွေဖြစ်တဲ့ တိုင်းရင်းဆေးပညာရှင်တွေအနေနဲ့ မလွဲမသွေ လိုက်နာရမယ့် ကျင့်ဝတ်တွေရှိပါ တယ်။ ဒီလိုဆေးပညာဆိုင်ရာကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို လိုက်နာ စောင့်ထိန်းဖို့ဟာဆိုရင် တိုင်းရင်းဆေးသမားတော်တွေအတွက် အရေးအကြီးဆုံး အရာဖြစ်သလို ဒီလိုလိုက်နာစောင့်စည်းမှုလည်း သမားကောင်းတစ်ဦး ဖြစ်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်က ဆေးပညာကို သေချာနားလည်တတ်ကျွမ်းမှု လည်းမရှိ၊ ကျင့်ဝတ်တွေကိုလည်း နားလည်လိုက်နာရကောင်းမှန်းမသိတဲ့ သမား တု၊ သမားယောင်တွေရဲ့ မမှန်မကန်ကုသမှုတွေကြောင့် ပြည်သူတွေမှာ ဆိုးကျိုးတွေခံစားနေကြရသလို ပြည်သူ့ကျန်းမာရေးအတွက်လည်း ကြီးစွာသော ခြိမ်းခြောက်မှုဖြစ်လာတယ်ဆိုတာ အားလုံးလည်းသိရှိပြီးသားဖြစ်မှာပါ။ သမားတစ်ဦးဖြစ်ဖို့ဆိုရင် ကျမ်းတစ်စောင်သိရုံမျှနဲ့ မဖြစ်နိုင်ပါဘူး။ ကျွန်တော်တို့နိုင်ငံမှာ ယခင်ကဆိုရင် တိုင်းရင်းဆေးသိပ္ပံကိုဖွင့်လှစ်ခဲ့ပြီး ၎င်းမှတစ်ဆင့် အဆင့်မြှင့်၍ ၂၀၀၁ခုနှစ်မှစတင်ကာ ယခုတိုင်းရင်းဆေးတက္ကသိုလ်ကို ဖွင့်လှစ်ပြီး တိုင်းရင်း ဆေးပညာကို စနစ်တကျလေ့ကျင့်သင်ကြားပေးနေပြီ ဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူလူထုအနေနဲ့ အခုလိုဆေးပညာကို စနစ်တကျသင်ယူတတ်မြောက်ထား ခြင်းမရှိတဲ့ တိုင်းရင်းဆေးဆရာအမည်ခံသမားတု၊ သမားယောင်တွေကြောင့် ဆိုးကျိုးဒုက္ခတွေ ထပ်ပြီးမခံစားရစေရန် ဒီသမားတု/သမားယောင်တွေ ပပျောက် အောင်ဆောင်ရွက်ဖို့ကလည်း အရေးကြီးတဲ့အတွက် အဆို(၄)အနေနဲ့ " ဆေးပညာ ရပ်ဆိုင်ရာကျင့်ဝတ်များကို လိုက်နာဆောင်ရွက်စေရန်နှင့် သမားတု၊ သမားယောင် များပပျောက်ရေး ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ရန်" ဆိုတဲ့ ဒီအဆိုကို တင်သွင်းဖို့ စီစဉ်ထားရခြင်းဖြစ်ပါတယ်။

ဒါတွေကတော့ ဒီနှစ်ညီလာခံမှာတင်သွင်းဖို့ စီစဉ်ထားတဲ့အဆိုပြုချက်(၄)ခုပဲ ဖြစ်ပါတယ်။ ဒီအဆို(၄)ခုဟာဆိုရင် ယနေ့ခေတ်ကာလအခြေအနေအရ ကျွန်တော်တို့ မြန်မာ့ တိုင်းရင်းဆေးလောက

ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆွေးနွေးအဖြေရှာလုပ်ဆောင်ရန် လိုအပ်နေ တဲ့ အကြောင်းအရာတွေပေါ်မှာ အခြေခံပြီး စီစဥ်ထားတာ ဖြစ်ပါတယ်။ ဒါ့ကြောင့် မနက်ဖြန် မှာကျင်းပမယ့် ညီလာခံကြီးမှာ ဒီအဆိုပြုချက်တွေနဲ့ပတ်သက်ပြီး တင်သွင်းခြင်း၊ ထောက်ခံခြင်းစတဲ့ ဆွေးနွေးဖလှယ်မှုတွေ ပြုလုပ်နိုင်ရန်အတွက် ဒီနေ့အခမ်းအနားမှာ လူကြီးမင်းတို့ရဲ့ ဆွေးနွေးအကြံပြုချက်တွေကို ညှိနှိုင်းစည်းဝေးရန် လိုအပ်ပါတယ်။ ကျွန်တော်တို့တိုင်းရင်း ဆေးလောကကြီး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးစီးဌာန တစ်ခုတည်းက လုပ်ဆောင်လို့ မရပါဘူး။ ပြင်ပတိုင်းရင်းဆေးပညာရှင်တွေ၊ အခြားနီးနွယ် ပညာရှင်တွေနဲ့ တိုင်းရင်းဆေးဝါး လုပ်ငန်းရှင်တွေရဲ့ ကူညီပံ့ပိုးမှုတွေ များစွာလိုအပ်ပါတယ်။ 'စည်းလုံးခြင်း သည်အင်အား' ဆိုသလို ကျွန်တော်တို့ အတူတကွ လက်တွဲဆောင်ရွက်မှသာ အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မနက်ဖြန်မှာကျင်းပမယ့် (၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲကြီးမှာ ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးရှိစေမယ့် အကြောင်းအရာတွေကို ဝိုင်းဝန်းဆွေးနွေးဖော်ဆောင်ကြမယ့် ကိုယ်စားလှယ်တော်ကြီးတွေရဲ့ ဆွေးနွေးအကြံပြုချက်တွေကို ကြိုဆိုလျက် မနက်ဖြန် ညီလာခံကြီးမှာလည်း တက်ကြွပျော်ရွှင် လန်းဆန်းစွာနဲ့ တက်ရောက်ကြဖို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျာ။